# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 21 , 2023 | Volume 64, Number 14


## ပြည်ပသို့ မြန်မာ့ကြက်သွန်နီတန်ချိန် ၉၅၀၀၀ ခန့် တင်ပို့ထား

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ဧပြီလမှ ဖေဖော်ဝါရီ ၂၄ ရက်အထိ ၁၁ လအတွင်း ပြည်ပသို့ မြန်မာ့ကြက်သွန်နီ တန်ချိန် ၉၄၉၉၀ ဒသမ ၂၇၀ တန် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၃၈၈ သန်းရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ကြက်သွန်နီကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း နှစ်ခုစလုံးဖြင့် ပြည်ပသို့တင်ပို့နေခြင်းဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် တင်ပို့နိုင်မှုမှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိနေခြင်းဖြစ်သည်။

မြန်မာ့ကြက်သွန်နီကို ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ တရုတ်၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ အမေရိကန်နိုင်ငံတို့သို့ တင်ပို့နေခြင်းဖြစ်ပြီး ပင်လယ်ရေကြောင်းမှ တန်ချိန် ၂၃၂၈ ဒသမ၉၇၁ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၀ သန်း၊ နယ်စပ်တင်ပို့မှုအနေဖြင့် တန်ချိန် ၉၂၆၆၁ဒသမ ၂၉၉ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၄၀ ဒသမ ၆၁၈ သန်း တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် ကြက်သွန်နီကို အခြားသောနိုင်ငံများထက် တရုတ်နိုင်ငံက ဝယ်လိုအားအမြင့်ဆုံးဖြစ်သည့်အတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့မှုမှ ဝင်ငွေပိုမိုရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံအလိုက် ကြက်သွန်နီ တင်ပို့နိုင်မှုအနေဖြင့် ထိုင်းနိုင်ငံမှ ကန်ဒေါ်လာ ၃၃ ဒသမ ၅၆၁ သန်း ၊ ဗီယက်နမ်နိုင်ငံမှ ကန်ဒေါ်လာ သုညဒသမ ၀၁၉ သန်း၊ စင်ကာပူနိုင်ငံမှ ကန်ဒေါ်လာ သုည ဒသမ ၆၉၃ သန်း၊ တရုတ်နိုင်ငံမှ ကန်ဒေါ်လာ ၇ ဒသမ ၀၄ သန်း၊ မလေးရှားနိုင်ငံမှ ကန်ဒေါ်လာ သုည ဒသမ ၀၅၇ သန်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကန်ဒေါ်လာသုည ဒသမ ၀၁၆ သန်း၊ အမေရိကန်နိုင်ငံမှ သုည ဒသမ ၀၀၂ သန်းရရှိထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကြက်သွန်နီ ထပ်မံတင်ပို့နိုင်ရန်အတွက်လည်း ဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ယခင်က ကြက်သွန်နီ တစ်ပိဿာကို ကျပ် ၃၀၀၀မှ ၃၀၀၀ အထက်အထိ စံချိန်တင်ဈေးမြင့် တက်ခဲ့သော်လည်း လက်ရှိတွင် ကျပ် ၂၀၀၀ ဝန်းကျင်မှ ကျပ် ၂၀၀၀ အောက်သို့ ဈေးနှုန်းပြန်လည်ကျဆင်းလျက်ရှိကြောင်း သိရသည်။

Source: https://t.me/sdtimedaily

### ၂၁.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၅.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၂.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၂.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၅၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၁၈၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁၃-၃-၂၀၂၃ မှ ၁၇-၃-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၁၉၃၂၅၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၁၈၆၅၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၂၂၂၀၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၇၅၅၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၁၀၆၅၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၅၈၀၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ ၁၁၀ လုံး (တန်ချိန် ၂၆၄၀)၊ မတ်ပဲ SQ/RC (2022 Crop) ကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀) နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) စုစုပေါင်း ကွန်တိန်နာ ၁၆၅ လုံး ( တန်ချိန် ၃၉၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ ၁၂၀ လုံး (တန်ချိန် ၂၈၈၀) နှင့် Red/RC (2022 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) စုစုပေါင်း ကွန်တိန်နာ ၁၃၅ လုံး ( တန်ချိန် ၃၂၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက်ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရှောက်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မြွားနီ ကျပ် ၁၀၅၀၀၊ ပန်းရဲရှောက်(သစ်) AC ကျပ် ၁၀၅၀၀၊ မိုးထောင်(ဒီမွန်) ကျပ် ၁၃၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၄၅၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၅၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆင်ဖြူကျွန်း(ပု) ကျပ် ၁၅၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၀၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ရှောက်ဈေးများငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ရှောက်ရှည်အိတ်ပေါင်း ၁၂၃၀၀ (၂၄၆၀၀၀ ပိဿာ) နှင့် ရှောက်ပုအိတ်ပေါင်း ၂၂၀၀ (၃၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရှောက်ရှည် အိတ်ပေါင်း ၇၁၀၀ (၁၄၂၀၀၀ ပိဿာ) နှင့် ရှောက်ပုအိတ်ပေါင်း ၉၅၀ (၁၄၂၅၀ ပိဿာ) ဝင်ရောက်ခဲ့သဖြင့် ရှောက်ရှည်အိတ်ပေါင်း ၅၂၀၀ ( ၁၀၄၀၀၀ ပိဿာ) နှင့် ရှောက်ပုအိတ်ပေါင်း ၁၂၅၀ ( ၁၈၇၅၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၉၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၉၀၀ နှင့် ရမည်းသင်း ဒါးဇင်း (သစ်) ကျပ် ၁၇၅၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်ဈေးများငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၂၅၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၂၉၅၀၊ ပခုက္ကူကြမ်းကျပ် ၂၇၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၃၆၀၀၊ ကြံသကာ(စစ်) ကျပ် ၂၆၅၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၀၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြံသကာ(စစ်) ကျပ် ၅၀ မြင့်တက်ခဲ့ပြီး ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၅၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၂၀ ဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

**Source: Domestic (Ygn) MITC**

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု အခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် **ကံပိုင်တည်**နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၁ ရက်မှ မတ်လ ၁၇ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၁၀၉၅၃၅၇၈.၇၆ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၆၅၆၁၄၉.၉၇ ကန်ဒေါ်လာ တင်သွင်းမှု ရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ မြေပဲ၊ ပဲယင်း၊ ပြောင်း၊ ဖရဲသီး၊ နှမ်းနက်၊ နိုင်လွန်ပဲ၊ ပဲလွန်းဖြူ၊ ရွှေဖရုံသီးနှင့်ရှောက်သီးများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၃၅၆၂၃၉၈.၇၆ ကန်ဒေါ်လာဖြစ်ပြီး၊ **ကံပိုင်တည်** နယ်စပ် ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၇၃၉၁၁၈၀.၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ချည်ထည်များ၊ ကုန်ထုတ်စက္ကူများ၊ လယ်ထွန်စက်များ၊ ဓါတုဗေဒချည်ခင်များ၊ သံနှင့်သံမဏိဆောက်လုပ်ရေး ပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ သံပိုက်၊ မြက်ခင်းတုနှင့် Empty Cargo Container 45’ Feet များတင်သွင်းမှုရှိခဲ့ပါသည်။ **ကံပိုင်တည်**နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၄၂၆၄၀၃.၃၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံ သို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၂၂၄၂၇၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၂၇ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၅.၈၁ ကျပ် ရှိကြောင်းသိရှိရပါသည်။

Source: မနော်မြေကုန်သွယ်မှုဗဟိုဌာန

## မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော်ရရှိထား

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ၁၀ လကျော်ကာလအတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးမှ ၃၀ ဒသမ ၃၂ သန်းကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖော်ပြထားသည့်စာရင်းများအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၁၄ သန်း ပို့ကုန်ဝင်ငွေရရှိထားပြီး သွင်းကုန်တင်သွင်းမှုမှ အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၇ သန်းဝင်ငွေရရှိထားကြောင်းသိရသည်။

အဆိုပါကုန်သွယ်မှုဝင်ငွေသည် ဧပြီလ ၁ ရက်မှ မတ်လ ၁၀ ရက်အထိ ရရှိထားသည့်ဝင်ငွေဖြစ်ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် စစ်တွေဂိတ်မှ အမေရိကန်ဒေါ်လာ ၁၀၄ ဒသမ ၇၅ သန်းဖြင့်အများဆုံး ကုန်သွယ်မှု ပြုလုပ်ထားပြီး မောင်တောဂိတ်မှ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၈ သန်းရရှိထားခြင်းဖြစ်သည်။

အဆိုပါကုန်သွယ်ရေးစခန်းနှစ်ခုမှ ရေထွက်ကုန်တင်ပို့မှုမှာ မွေးမြူရေးငါးမြစ်ချင်း၊ ငါးမုန့်အမဲ၊ ငါးသလောက်၊ ငါးနီတူခြောက်နှင့် ငါးမှန့်ခြောက်များ ပါဝင်ပြီး ကုန်ခြောက်များတွင် မန်ကျည်းသီး၊ ချင်း၊ ကြက်သွန်၊ ထန်းလျက်အစရှိသည့် ကုန်ခြောက်များပါဝင်ကြောင်း သိရသည်။

**Source: Popular News Journal**

## ပြည်တွင်းဆန်ဈေးကျပါက တရုတ်ဖက်သို့ နယ်စပ်မှ ဆန်တင်ပို့မှု အဆင်ပြေနိုင်



Source: Popular News Journal

ငွေကြေးမူဝါဒအပြောင်းအလဲကြောင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ဆန်/ဆန်ကွဲတင်ပို့မှုလျော့ကျသွားပြီး ပြည်တွင်းဆန်ဈေးကျပေးမှသာလျှင် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း မူဆယ်နယ်စပ်ကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

“ဆန်/ဆန်ကွဲတင်ပို့မှုကတော့ လျော့ကျသွားတယ်။ သွားတော့သွားနေတယ်၊ နည်းသွားတာပေါ့။တခြားပို့ကုန်တွေကတော့ ပုံမှန်အတိုင်းဝင်/ထွက်သွားလာနေပါတယ်။ ငွေကြေးမူဝါဒ အပြောင်းအလဲကြောင့် ဈေးကကွာသွားတယ်၊ ပြည်တွင်းမှာ ဆန်ဈေးကျပေးမှသာလျှင် တရုတ်ဘက်ကို တင်ပို့လို့အဆင်ပြေမှာ၊ အခုပြည်တွင်းဆန်ဈေးကလည်း ပုံမှန်ထက်အများကြီး မြင့်တက်နေတယ်။”ဟု မူဆယ်ဆန်စပါးကုန်စည်ဒိုင်မှ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိမ်းက ပြောသည်။

ပြည်တွင်းဆန်ဈေးနှုန်းမှာ ရွှေဘိုပေါ်ဆန်း (အဟောင်း) ၁ အိတ် ၁၂၀၀၀၀ ကျပ် ၊ ရွှေဘိုပေါ်ဆန်း (ဆန်အသစ်) ၁ အိတ် ၇၅၀၀၀ ကျပ်မှ ၉၀၀၀၀ ကျပ် ၊ဆန်ချော (ဧရာဝတီပေါ်ဆန်းအုပ်စုဝင် ဆန် (အသစ်) ၁ အိတ် ၆၅၀၀၀ ကျပ်မှ ၇၃၀၀၀ ကျပ် ၊ ဆန်ကြမ်းအသစ် (ငစိန်၊ ဧည့်ယာ အုပ်စုဝင် ) ၁ အိတ် ၅၄၀၀၀ ကျပ် မှ ၅၅၀၀၀ ကျပ် အထိရှိကြောင်း သိရသည်။

လက်ရှိတွင် တရုတ်-မြန်မာနယ်စပ်ဂိတ်တစ်ခုဖြစ်သည့် မူဆယ်(၁၀၅) မိုင်ဇုန်တွင် နေ့စဉ်ကုန်ကားအစီးရေ ၂၀၀ နှင့် ၂၅၀ ကြားဝင်ထွက်သွားလာမှုရှိကြောင်း၊ မြန်မာနိုင်ငံမှ တရုတ်ဘက်သို့ ဆန်၊ ဆန်ကွဲ၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဖရဲ၊ သခွား စသည့် လယ်ယာထွက်ကုန်ပစ္စည်းအပါအဝင် ရော်ဘာ၊ ကြက်သွန်၊ ရေထွက်ပစ္စည်း၊ ငရုတ်သီး အစရှိသည့် ကုန်ပစ္စည်းတွေကို တင်ပို့နေပြီး တရုတ်နိုင်ငံဘက်မှ ဆောက်လုပ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်း၊ စားကုန်သောက်ကုန်နှင့်ဆေးဝါးများ

ပြန်လည်တင်သွင်းလျက်ရှိကြောင်း သိရသည်။

ယင်းအပြင် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး၏ ၉၀ ရာခိုင်နှုန်းနီးပါး ကုန်သွယ်မှုပြုလုပ်နေသည့် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ယခုဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၂ ဘီလီယံကုန်သွယ်မှုဝင်ငွေရရှိထားပြီး ယခင်ထက် အမေရိကန်ဒေါ်လာ ၅၆၄ သန်းကျော်ပိုမိုရရှိထားခြင်းဖြစ်သည်။

Source: Popular News Journal

## တရုတ်ကြက်သွန် အဝါ ပြည်ပဈေးကွက် အဝယ်လိုက်



Source: freshplaza

ကပ်ရောဂါထိန်းချုပ်ရေး အစီအမံများ ရုပ်သိမ်းပြီးနောက် တရုတ်ကြက်သွန် ပြည်ပတင်ပို့မှု ပုံမှန်သို့တဖြည်းဖြည်း ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ ဥရောပဈေးကွက်တွင် ပြီးခဲ့သောသုံးလပတ် ထုတ်လုပ်မှု လျော့ကျခဲ့သောကြောင့် ပြည်ပမှတင်သွင်းသည့် ကြက်သွန်များ ဝယ်လိုအား တက်လာခဲ့သည်။ သို့ဖြစ်ရာ တရုတ်ကြက်သွန်များ အဝယ်လိုက်လာသဖြင့် ယခုမတ်လတွင် တရုတ်ကြက်သွန် ပြည်ပသို့တင်ပို့မှု သိသိသာသာ ပိုများလာနေသည်။ ဈေးနှုန်းများလည်း မြင့်တက်သည်။

Jining Shangzhuo Food Co., Ltd မှ အရောင်းမန်နေဂျာ Wang က ရာသီသစ်အတွက် ကြက်သွန်နီ ရိတ်သိမ်းမှုနှင့် ရာသီသစ်အတွက် မျှော်မှန်းထားသည့် တင်ပို့မှုအခြေအနေအပေါ် သူ၏အမြင်ကိုပြောပြသည်။ ယူနန်ပြည်နယ်မှ ကြက်သွန် အသစ်များ ပေါ်နေပြီဖြစ်သည်။ ယခုနှစ် ကြက်သွန်အထွက် ပမာဏသည် ယမန်နှစ်ရာသီနှင့် အတူတူပင် ဖြစ်သည်။

တရုတ်ပြည်မှာ ကြက်သွန်အဝါစိုက်တဲ့ ဧရိယာက ကြက်သွန်အနီ စိုက်တဲ့ ဧရိယာထက် ပိုများပါတယ်။ ကြက်သွန်အနီကို ပြည်တွင်းမှာ စားသုံးဖို့ ရောင်းချကြပါတယ်။ ကြက်သွန်အဝါကိုတော့ ပင်လယ်ရပ်ခြား ဈေးကွက်တွေထံ တင်ပို့ပါတယ်။ ပင်လယ်ရပ်ခြား ဈေးကွက်တွေမှာ တောင်ကိုရီးယားက အဝယ်လျော့တယ်။ ဥရောပကတော့ အဝယ်လိုက်တယ်။ အတော်များပါတယ်။ ၂၀၂၂ မှာ ရာသီဥတု ပူပြင်းလို့ ဥရောပမှာ ကြက်သွန် အထွက် လျော့ကျခဲ့ပါတယ်။ ဒီတော့ ပြည်ပမှ တင်သွင်းတဲ့ ကြက်သွန်တွေ အဝယ်လိုက်တယ်။

Jining Shangzhuo Food Co., Ltd က အခွံခွာပြီးသား ကြက်သွန်တွေ အရွယ်အစားက 60-80mm/80-100mm ကို တစ်ဖာမှာ ၂၀ ကီလိုဂရမ် ထည့်ပြီး တင်ပို့ပါတယ်။ တန်ချိန် ၁၅,၀၀၀ တင်ပို့ထားပါတယ်။ ကြက်သွန်ထွက်တဲ့နေရာတွေက Gansu၊ ယူနန်၊ စီချွမ်၊ ကျန်းစု၊ ဟီနမ်၊ ရှန်ဒေါင်တို့ ဖြစ်ပါတယ်။ ဥရောပ၊ အရှေ့တောင်အာရှ၊ ဩစတေးလျ၊ ဂျပန်နှင့် တောင်ကိုရီးယားတို့ထံ တင်ပို့ပါတယ်။ ကျွန်တော်တို့ အေးခဲကြက်သွန် ထုတ်ကုန်တွေ တိုးမြှင့်တင်ပို့နေပါတယ်။

ကွန်တိန်နာသင်္ဘောရဖို့က ခက်ခဲနေပါတယ်။ ကွန်တိန်နာ ပို့ဆောင်ခတွေ ထိုးကျတော့ ဈေးထိန်းဖို့ တချို့သင်္ဘောလိုင်းတွေက သင်္ဘောစီးရေလျှော့တယ်။ ခေါက်ရေလျှော့တယ်။ ခရီးစဉ် ဖျက်သိမ်းတယ်။ ဒီတော့သင်္ဘောမှာ ကွန်တိန်နာတွေ နေရာရဖို့ ခက်ခဲနေတယ်။ ပို့ဆောင်ခ ဈေးဆက်မကျတော့ဘူး။ ဈေးနည်းနည်း မြင့်တက်ပါတယ်။ လာမည့် သီတင်းပတ်များအတွက် ဈေးကွက်အခြေအနေကို Wang က ခန့်မှန်းပေးသည်။ ယူနန်ကြက်သွန်အသစ်တွေ ဈေးကွက်ထဲ ဝင်တာ ရာသီချိန်ကုန်သွားရင် ကျန်းစု ကြက်သွန်တွေ၊ ဟီနမ်နှင့် ရှန်ဒေါင်တို့မှ ကြက်သွန်တွေ တစ်ပြည်နယ်ပြီးရင် နောက်တစ်ပြည်နယ် ဈေးကွက် ထဲဝင်ပါတယ်။

လာမယ့်ရက်သတ္တပတ် အနည်းငယ်အတွင်း ကြက်သွန်နီ တင်ပို့မှုပမာဏ ဆက်လက်တိုးလာမယ်လို့ ခန့်မှန်းထားကြပါတယ်။ ရိတ်သိမ်းတာလည်း အထွက်များပါလိမ့်မယ်။ အထွက်များရင် ဈေးကွက်ထဲ ဈေးကျတတ်ပါတယ်။ Jining Shangzhuo Food Co., Ltd သည် ကြက်သွန်အပြင် ဂျင်း၊ ကြက်သွန်ဖြူ ပန်းသီး၊ သစ်တော်သီးတို့ကိုလည်း အဓိက ပို့ကုန်များအဖြစ် ပြည်ပသို့တင်ပို့ပါသည်။

Source: freshplaza

Source:https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/5904-chinese-yellow-onion.html

# STOCK EXCHANGE (21.3.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 21st Mar. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,716 (Shares) | 8,775,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 5 | 41,000 | 33,109,694 | 271,500 |
| MTSH | 00002 | 3,150 | -50 | -1.56% | 3,200 | 3,200 | 3,150 | 275 | 868,900 | 38,929,150 | 122,627 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 2 | 15,000 | 10,400,986 | 78,007 |
| FPB | 00004 | 1,600 | +50 | +3.23% | 1,600 | 1,600 | 1,600 | 3,733 | 5,972,800 | 29,664,613 | 47,463 |
| TMH | 00005 | 2,650 | -50 | -1.85% | 2,650 | 2,650 | 2,650 | 25 | 66,250 | 12,823,224 | 33,982 |
| EFR | 00006 | 2,650 | -50 | -1.85% | 2,650 | 2,650 | 2,650 | 667 | 1,767,550 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +100 | +2.08% | 4,900 | 4,900 | 4,900 | 9 | 44,100 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 21st Mar. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 373.40 | -2.47 | -0.66% | 374.47 | 374.47 | 372.80 | 4,716 | 8,775,600 | 7 | 657,957 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 21st Mar. 2023

| Trading Volume | Trading Value |
|---|---|
| 4,716 (Shares) | 8,775,600 (MMK) |

## Main Board

As of 1:00 pm, 21st Mar. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,716 (Shares) | 8,775,600 (MMK) |

| MYANPIX | 373.40 ▼ 2.47 |
|---|---|
| Total Volume (shares) | 4,716 |
| Total Value (MMK) | 9 mil |
| Listed Company | 7 |
| Market Cap. (MMK) | 657,957 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,600 | ▲ 50 |
| TMH | 00005 | 2,650 | ▼ 50 |
| EFR | 00006 | 2,650 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 100 |